# THAILAND

18 – 31 July 2018

## MEDIA MONITORING REPORT # 187

## စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု

### ရန်ကုန် မိုးပျံလမ်း စီမံကိန်း ၂၀၁၉ စတင်မည်

The Irrawaddy, 18 July 2018

ရန်ကုန်မြို့၌ တည်ဆောက်မည့် မိုးပျံ အမြန်လမ်းမကြီး (Yangon Elevated Expressway) စီမံကိန်းကို ၂၀၁၉ ခုနှစ်တွင် လုပ်ငန်းများ စတင် အကောင်အထည် ဖော်မည်ဖြစ်ပြီး ၃ နှစ်အတွင်း အပြီးတည်ဆောက်သွားမည် ဖြစ်ကြောင်း သတင်း ရရှိသည်။



ယင်းစီမံကိန်းကို တည်ဆောက်ရန် စိတ်ဝင်စားသည့် နိုင်ငံပေါင်း ၁၂ ခုရှိ ကုမ္ပဏီပေါင်း ၅၃ ခုထဲမှနေ၍ အဆင့်ဆင့် စိစစ်ပြီးနောက် စီမံကိန်း တတိယအဆင့်အဖြစ် Request for Proposal ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့တွင် ခေါ်ယူကာ နောက်ဆုံးပိတ် အောင်မြင်သည့် ကုမ္ပဏီတဖွဲ့ သို့မဟုတ် ၄ ဖွဲ့ အတွင်းမှ အတည်ပြု ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန် မိုးပျံအမြန်လမ်းစီမံကိန်းသည် ဗိုလ်တထောင်ဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်မှစတင်၍ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်၊ မြောက်ဥက္ကလာ၊ ခရေပင်လမ်း၊ အောက်မင်္ဂလာဒုံလမ်း၊ ဘုရင့်နောင်လမ်း၊ ကြည့်မြင့်တိုင် လမ်းတို့ကို ဖြတ်သန်းပြီး ပန်းလှိုင်လမ်းထောင့်တွင် ဆုံးမည့် လုပ်ငန်းစဉ်တခုဖြစ်ကြောင်း၊ မိုးပျံလမ်း အရှည်သည် ၄၇ ကီလိုမီတာခန့် ရှိမည် ဖြစ်၍ စီမံကိန်း၏ Phase 1 အဖြစ် ဗိုလ်တထောင် ဘုရားလမ်းထိပ်မှ မင်္ဂလာဒုံ ခရေပင် လမ်းဆုံအထိကို စတင်မည် ဖြစ်ကြောင်း ဆောက်လုပ်ရေး ဒု ဝန်ကြီးက ပြောသည်။

Link: https://www.irrawaddy.com/news/japan-fund-77m-neuro-cardio-hospital-yangon.html

### စိုက်ပျိုးရေးကဏ္ဍကို အဆင့်မြှင့်တင်မည်

Myanmar Times, 20 July 2018

စုစုပေါင်းဘတ်ဂျက်ငွေကျပ် ၃.၁၃၄ ထီရီလီယံကို မြန်မာစိုက်ပျိုးရေးဖွံ့ဖြိုးရေးနည်းဗျူဟာ(ADS) တွင် လာမည့်နောင် ၅ ငါးနှစ် ၂၀၂၃ ခုနှစ်ထိ တိုင်အောင် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန(MOALI)မှ အစီရင်ခံခဲ့သည်။

ထိုနည်းဗျူဟာတွင် ထုတ်လုပ်ခြင်း၊ ယှဉ်ပြိုင်မှုနှင့်အုပ်ချုပ်ရေး စသည်တို့ပါဝင်မည်ဖြစ်သည်။ နှစ်စဉ်ဘတ်ဂျက်ခွဲဝေချထားပေးမှုမှာ ၂၀၁၈-၁၉တွင် ၄၉၀ ဘီလီယံကျပ်၊ ၂၀၁၉-၂၀ တွင် ၅၈၀ ဘီလီယမ်ကျပ်၊ ၂၀၂၀-၂၁ တွင် ၆၇၀ ဘီလီယံကျပ်နှင့် ၂၀၂၂-၂၃ တွင် ၆၈၀ ဘီလီယံကျပ်တို့ဖြစ်ကြသည်။

၅၂.၇ ရာခိုင်နှုန်းကို ထုတ်လုပ်မှုအတွက် အသုံးပြုမည်ဖြစ်ပြီး ဆည်မြောင်း၊ ရေအရင်းအမြစ်များ၊ သုတေသနများ၊ ပညာရေး၊ ကောက်ပဲသီးနှံစိုက်ပျိုးခြင်း၊ ကျွဲနွားတိရစ္ဆာန်မွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်း၊ ရာသီဥတုပြောင်းခြင်းဖြစ်ပေါ်ပါက ခံနိုင်ရည်ရှိစေရန် စသည်ဖြင့် စီမံကိန်းများပါဝင်သည်။ ၃၃ ရာခိုင်နှုန်းကို ကျေးရွာအစောက်အဦးများ၊ လူထုရပ်ရွာဖွံ့ဖြိုးတိုးတက်မှုများ၊ ကွင်းဆက်ဖွံ့ဖြိုးတိုးတက်မှုများနှင့် အစားအစာဘေးကင်းမှု စသည်တို့တွင် အသုံးပြုမည်ဖြစ်သည်။ ကောင်းမွန်သောအုပ်ချုပ်ရေးအတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံငွေ ၁၀.၆ ရာခိုင်နှုန်းကို ခွဲဝေချထားပေးမည်ဖြစ်သည်။ အစိုးရမှ စီမံကိန်း၊ ပူပေါင်းဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေးနှင့် မူဝါဒချမှတ်ခြင်းများ ပြုလုပ်မည်ဖြစ်သည်။

စိုက်ပျိုးရေးအတွက်ဝန်ကြီးဌာန၏ ဘတ်ဂျက်သည် ကျပ်ငွေ ၆.၁၅၄ ထရီလီယံ( ယူအက်စ်ဒေါ်လာ ၄.၅ ဘီလီယံ) ရှိသည်။

Link: https://www.mmtimes.com/news/agri-sector-receive-boost.html

## မန္တလေး ၊ နေပြည်တော်တွင် စိုက်ပျိုးရေးဖုံများတည်ထောင်ရန် စီမံကိန်းများရေးဆွဲနေ

Eleven Myanmar, 20 July 2018

စိုက်ပျိုးရေးအခြေခံသည့်ထုတ်ကုန်များနှင့် ထုတ်ပိုးပြီးကုန်ပစ္စည်းများကို ထုတ်လုပ်ရန်အတွက် မန္တလေးနှင့် နေပြည်တော်တွင် စိုက်ပျိုးရေးဖုံများ တည်ထောင်ရန် စီမံကိန်းများ ရေးဆွဲနေပြီဖြစ်ကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ အဆိုအရ သိရှိရသည်။

မြန်မာနိုင်ငံစိုက်ပျိုးရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာနှင့်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် မဟာမဲခေါင်ဒေသခွဲ စိုက်ပျိုးရေးဆိုင်ရာ အကူအညီပေးရေးစီမံချက်အဆင့်( ၂) အရ ဝန်ကြီးဌာနသည် ထိုကဲ့သို့ စိုက်ပျိုးရေးဆိုင်ရာဖုံများတည်ထောင်ရန် ကတိဝတ်ပြုခဲ့သည်။

ဖုံများကို ဇီဝဓာတ်ငွေ့နှင့်ရေလည်ပတ်မှုအပင်များမှ လျှပ်စစ်မီးလည်ပတ်သည့်စက်များဖြင့် တပ်ဆင်သွားမည်ဖြစ်သည်။

အစီအစဉ်တွင် နယ်စပ်စီးပွားရေးဖွံ့ဖြိုးသည့်စီမံကိန်းများဆက်လက်လုပ်ဆောင်နေသည့် တရုတ်နှင့်ထိုင်းနိုင်ငံရှိ နေရာဒေသများတွင် ဦးစားပေးသင့်ပြီ ဒုတိယဦးစားပေးအနေဖြင့် မန္တလေးနှင့် နေပြည်တော်ကဲ့သို့ အထက်မြန်မာပြည်ဒေသများ၌ လက်ကားဈေးအတွက် လုပ်ဆောင်မည်ဖြစ်သည်။

လက်ကားဈေးကို မန္တလေးတွင် စတင်ဆောက်လုပ်နေပြီဖြစ်ပြီး နေပြည်တော်တွင် နောက်ထပ်တစ်ခု ဆောက်လုပ်ရန် စီစဉ်နေပြီဖြစ်သည်။

Link: http://www.elevenmyanmar.com/business/14363

## လာမည့်၂၀၂၂-၂၀၂၃ခုနှစ်တွင်မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ကျေးရွာများအားလုံးလျှပ်စစ်မီးရရှိနိုင်

Myanmar Business Today, 23 July 2018

လာမည့်၂၀၂၂-၂၀၂၃ခုနှစ်တွင်မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ကျေးရွာများအားလုံးလျှပ်စစ်မီးရရှိနိုင်ရန် မျှော်မှန်းထားကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအစည်းအဝေးခန်းမ၌ပြုလုပ်သည့်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဒုတိယတစ်နှစ်တာ သက်တမ်းကာလအတွင်း ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင်တိုင်းဒေသကြီး လျှပ်စစ်၊စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးဦးဇာနည်အောင်က ပြောသည်။



မန္တလေးတိုင်းဒေသကြီးတွင် ကျေးရွာပေါင်း၄၈၀၇ရွာအနက်မှ ကျေးရွာ်ပေါင်း၂၇၄၂ရွာမှာလျှပ်စစ်မီးရရှိနေပြီး မီးရရှိရန် ကျန်ရှိသေးသည့် ကျေးရွာများကို၂၀၂၂-၂၀၂၃ခုနှစ်တွင်မီးရရှိရန် မျှော်မှန်းထားကြောင်းသိရသည်။

“နှစ်နှစ်တာကာလအတွင်းလျှပ်စစ်မီးရရှိရေးအတွက်၆၆ခွဲရုံဓာတ်အားခွဲရုံ၆ရုံ၊၃၃ခွဲရုံ၁၃ရုံတည်ဆောက်တယ်၊ဓာတ်အားခွဲရုံမ၂၂းအဆင့်မြှင့်တင်ခြင်းကို၅လုံးမှ၁၀လုံးအထိ ဆောင်ရွက်နိုင်ခဲ့ပါတယ်၊နှစ်နှစ်အတွင်းမှာ၆၆ခွဲရုံနဲ့၃၃ခွဲရုံ၁၉ရုံ၊အဆင့်မြှင့်တင်တာက၁၅ရုံ၊ကေဗွီဓာတ်အားလိုင်းက၉၃ဒသမ၂၄မိုင်ကို အပြည့်ဆွဲနိုင်ခဲ့ပါတယ်” ဟုလျှပ်စစ်စွမ်းအင်နှင့် ဆောက်လုပ်ရေးဂန်ကြီးဌာနဂန်ကြီးဦး ဇာနည်အောင်ကထပ်မံဖြည့်စွက် ပြောသည်။

ပြည်ထောင်စုအစိုးရ၏ရည်မှန်းချက်မှာလည်း၂၀၃၀ပြည့်နှစ်တွင်တစ်နိုင်ငံလုံးရှိ ကျေးရွာပေါင်း၆၀၀၀၀ ကျော်တွင်လျှပ်စစ်မီးရရှိရန် မျှော်မှန်းထားကြောင်းသိရသည်။

ထို့ပြင် ပြည်သူများလျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် ပြတ်တောက်မှုမရှိစေရန်ဓာတ်အားပို့လွှတ်သည့်စနစ်တိုးတက် စေရေး၊လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ပါကအရေးကြီးသည့်ဌာနများလျှပ်စစ်မီးပြတ်တောက်မှုမရှိစေရန်အရန်ဓာတ်အားလိုင်းတည်ဆောက်ခြင်းကိစ္စရပ်များကို မကြာခင်ကာလအတွင်စနစ်တကျစီမံကိန်းများချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှုသည်တစ်နစ်လျှင်၅၅၀မဂ္ဂါဝပ်ခန့်ရှိပြီးလာမည့်နှစ်တွင်၆၃၀မဂ္ဂါဝပ်အထိတိုးမြင့်အသုံးပြုလာနိုင်မည်ဖြစ်ကာတိုင်းဒေသကြီးအတွင်းရှိကျေးရွာမီးလင်းရေးအတွက်တစ်နှစ်လျှင်ကျပ်ငွေကိုးဘီလီယံကုန်ကျခံကာလုပ်ဆောင်နေကြောင်းသိရသည်။

Link: https://www.mmbiztoday.com/articles/all-villages-mandalay-be-connected-electricity-next-five-years

## ငွေကြေးမတတ်နိုင်သောအောက်ခြေလူတန်းစားများအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အစိုးရ စီစဉ်

Myanmar Times, 23 July 2018

အစိုးရသည် နိုင်ငံတော်ဆိုင်ရာစီမံချက်အောက်၌ အခြေခံလူတန်းစားများအတွက် အခမဲ့အခြေခံကျန်းမာရေးစောင့်ရှောက်မှုပေးရန် စီစဉ်မည်ဖြစ်ကြောင်း အထက်တန်းအရာရှိသူတစ်ဦးက ပြောခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ထိုစီမံကိန်းကို အကောင်အထည်ဖော်နေပြီဖြစ်ပြီး ယမန်နှစ်ကပင်စတင်ဆောင်ရွက်နေပြီဖြစ်ကာ ၂၀၂၁ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

စီမံကိန်းမန်နေဂျာဖြစ်သူ ဒေါက်တာသန့်စင်ထူးက ဆင်းရဲသောသူများအတွက် အခမဲ့ပေးနိုင်သည့် ကျန်းမာရေးဝန်ဆောင်မှုအမျိုးအစားများကို တာဝန်ရှိသူများက ဆုံးဖြတ်ချမှတ်ကြောင်း ပြောခဲ့သည်။ အစိုးရ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်တိုးတက်ကောင်းမွန်စေရန်အတွက် ထိုအခမဲ့စနစ်သည် ရေရှည်ဖြစ်မဖြစ်မသေချာသေးသောကြောင့် အာဏာပိုင်များမှ အခမဲ့ဝန်ဆောင်မှုပေးခြင်းကို အကန့်အကတ်ပြုလုပ်ရန်လိုအပ်သည်။ ဆေးရုံများနှင့် ကျန်းမာရေးစင်တာများတွင် ပျမ်းမျှအားဖြင့် ဝန်ဆောင်မှု အမျိုးအစား ၁၅၀ ခုကို အခမဲ့အဖြစ် အခြေခံဝန်ဆောင်မှုများတွင် ၂၀၂၀ ခုနှစ်၌ ထည့်သွင်းနိုင်ရန်မျှော်မှန်းထားသည်ဟု ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ပိုမိုကောင်းမွန်သောကျန်းမာရေးစောင့်ရှောက်သည့်ဝန်ဆောင်မှုများရရှိရန်အတွက် လိုအပ်ချက်( ၄) မျိုးမှာ ကျန်းမာရေးအဆောက်အုံ၊ လူ့အရင်းအမြစ်များ၊ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ ရန်ပုံငွေ စသည်တို့ဖြစ်သည်။

စီမံကိန်းအကောင်းအထည်ဖော်မှုဆိုင်ရာလှည့်လည်စစ်ဆေးရေးဌာန၏အဆိုအရ ကျန်းမာရေးစင်တာ ၈၀၀ နှင့် ဆေးပေးခန်းများကို ယမန်နှစ်က ပြန်လည်ပြုပြင်ခဲ့ကြောင်းသိရသည်

Link: https://www.mmtimes.com/news/govt-streamline-free-healthcare-poor-people.html

## နောင်နှစ်တွင် မြန်မာ့စီးပွားရေး ၇ ရာခိုင်နှုန်း ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သမ္မတပြောကြား

Myanmar Business Today, 23 July 2018

လာမည့်အောက်တိုဘာလ၌ စတင်မည့် ၂၀၁၈-၁၉ဘဏ္ဍာရေးနှစ်တွင် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု(GDP)မှာ ၇ဒသမ၆ရာခိုင်နှုန်းတိုးတက်လာမည်ဟု မျှော်မှန်းထားကြောင်း အမျိုးသားစီမံကိန်းအစည်းအဝေးတွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့်က ပြောကြားခဲ့သည်။



၂၀၁၇-၁၈ဘဏ္ဍာနှစ်တွင် နှစ်ကုန်ခန့်မှန်းခြေတွင် လယ်ယာထွက်ကုန်များပြည်ပသို့ ပိုမိုတင်ပို့နိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ထုတ်လုပ်မှုကဏ္ဍများသို့ စီးဝင်လာခြင်း၊ပို့ဆောင်ရေးနှင့်ခရီးသွားဝန်ဆောင်မှုများလုပ်ငန်းများ၊ ဆက်သွယ်ရေးနှင့် ငွေကြေးဝန်ဆောင်မှုများတိုးတက်လာခြင်းသည် ၆ဒသမ၅ရာခိုင်နှုန်းစီးပွားရေး တိုးတက်မှုကိုတွေ့ခဲ့ရသည်ဟု သမ္မတကဆိုသည်။

လက်ရှိဘဏ္ဍာရေးနှစ်အကူးအပြောင်းကြားကာလ (၆) လတာသည် မိုးရာသီဖြစ်သောကြောင့် လယ်ယာ ကဏ္ဍ၏ မိုးသီးနှံစိုက်ပျိုးချိန်၊ စက်မှုကဏ္ဍ၏ လယ်ယာထွက်ပစ္စည်းကြိတ်ခွဲမွမ်းမံမှုနည်းပါးနိုင်ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်း အရှိန်အဟုန်ဆောင်ရွက်ရန် အကန့်အသတ်ရှိခြင်းများဖြစ်ပေါ်နိုင်သည်ဟု ဆိုသော်ငြားလည်း GDPတိုးတက်မှုနှုန်းမှာ ၇ဒသမ၂ရာခိုင်နှုန်းတိုးတက်မည်ဟု မျှော်မှန်းထားကြောင်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ပြီးခဲ့သည့်ဇန်နဝါရီလအမျိုးသားစီမံကိန်း အစည်း အဝေးတွင် ပြောကြားထားသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၆-၁၇ခုနှစ်တွင် ၅ဒသမ၉ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၇-၁၈တွင် ၆ဒသမ၄ရာခိုင်နှုန်း၊ ၂၀၁၈-၁၉ဘဏ္ဍာနှစ်တွင် ၆ဒသမ၈ရာခိုင်နှုန်းရှိမည်ဟု ကမ္ဘာ့ဘဏ်အုပ်စုက ခန့်မှန်းထားကြောင်းသတင်းထုတ်ပြန်ထားသည်။

Link: https://www.mmbiztoday.com/articles/president-predicts-myanmar-s-economic-growth-be-over-7-percent-next-year

## <u>ပုဂ္ဂလိကကျောင်းများကို အသိအမှတ်ပြုရန် ကျွမ်းကျင်သူများတိုက်တွန်း</u>

Myanmar Times, 23 July 2018

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကကိုယ်ပိုင်စာသင်ကျောင်းများ ခိုင်မာလာစေရန်အတွက် မတူကွဲပြားသည့် ပုဂ္ဂလိကစာသင်ကျောင်းများကို အသိအမှတ်ပြုသည့်စီမံချက်လိုအပ်ကြောင်း ပညာရေးကျွမ်းကျင်သူများက ပုဂ္ဂလိကပညာရေးမူကြမ်းဥပဒေရေးဆွဲခြင်း ဆွေးနွေးသည့် အစည်းအဝေးတွင် ပြောခဲ့သည်။

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကပညာရေးကို မြှင့်တင်ရန်အတွက် အသိအမှတ်ပြုသည့် နိုင်ငံတကာစနစ်များကို အဖွဲ့အစည်းများမှ လေ့လာရန် လိုအပ်ကြောင်း ဝိဇ္ဇာနှင့်သိပ္ပံပါရမီကျောင်း၏ အလုပ်အမှုဆောင် ဦးကျော်မိုးထွန်းကပြောသည်။

ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားပေါင်းစုံနေထိုင်ကြပါတယ်။ တိုင်းရင်းသားဒေသတွေမှာ ကိုယ်ပိုင်စာသင်ကျောင်းတွေအများကြီး ရှိတာ တွေ့ရပါတယ်။ ဒီလိုစာသင်ကျောင်းတွေကို ဘယ်လိုအသိအမှတ်ပြုပေးမှာလဲ။ ရေရှည်အသိအမှတ်ပြုပေးတဲ့စနစ်ကို တည်ထောင်ဖို့အတွက် ကျွန်တော်တို့ နိုင်ငံတကာကျင့်သုံးနေတာတွေကို လိုက်ပါလုပ်ဆောင်ရပါမယ်ဟု ၎င်းက ပြောသည်။

ကိုယ်ပိုင်စာသင်ကျောင်းများကဏ္ဍအား အသိအမှတ်ပြုပေးသည့်စနစ်ကို တည်ထောင်ရန်အတွက် ဥပဒေတစ်ရပ်လိုအပ်သည်။ အမျိုးသားပညာရေးဥပဒေကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅ ခုနှစ် ဇွန်လတွင် ပြန်လည်ပြင်ဆင်ခဲ့သည်။ ပညာရေးဝန်ကြီးဌာနသည် အခြေခံ၊ အဆင့်မြင့်၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းအတွက် ဥပဒေများကို ရေးဆွဲခဲ့ပြီး ကိုယ်ပိုင်ပညာရေးအတွက်ဥပဒေကို လွှတ်တော်သို့ မတင်ပြမီ ပြန်လည်သုံးသပ်နေဆဲဖြစ်သည်။ အစိုးရသည် နိုင်ငံ၏ပညာရေးအရည်အသွေးကောင်းမွန်လာစေရန်အတွက်အသိအမှတ်ပြုခြင်းနှင့်အရည်အသွေးအာ မခံချက်ကော်မတီကို ဖွဲ့စည်းခဲ့သော်လည်း ကိုယ်ပိုင်ပညာရေးစနစ်မပါဝင်ဟု Crown Education မှ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးအောင်ကျော်ဆန်းကပြောခဲ့သည်။ စာရင်းအင်းနဲ့ အင်ဂျင်နီယာဘာသာရပ်အတွက်  ကိုယ်ပိုင်လေ့ကျင့်ရေးကျောင်းတွေ အများအပြားရှိနေပေမယ့် ဥပဒေကြမ်းမှာ ဒီကျောင်းတွေရဲ့အရည်အသွေးကို ဘယ်လိုထိန်းချုပ်မယ်ဆိုတာတော့ ရေးထားတာမတွေ့ကြောင်း သူကပြောခဲ့သည်။

ဧပြီ ၂၀ ရက်နေ့တွင် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံခြားသားများကို မြန်မာနိုင်ငံတွင် အပြည့်အဝရင်းနှီးမြှုပ်နှံခွင့်ပြုခဲ့ပြီး ၎င်းတို့သည် စာသင်ကျောင်းများကို ပိုင်ဆိုင်ခွင့်နှင့်လည်ပတ်ခွင့်ပေးခဲ့ပြီး ပညာရေးဝန်ကြီးဌာနမှ၏ သင်ရိုးများ ( သို့)  နိုင်ငံတကာပညာရေးပရိုဂရမ်များကို  သင်ကြားပေးနိုင်သည်။

Link: https://www.mmtimes.com/news/experts-urge-accreditation-plan-private-schools.html

## <u>ကျောင်းဆရာ၊ဆရာမများ လစာတိုးပေးနိုင်ရန်အတွက် ကျောင်းဆောက်ခြင်းများကို ရပ်ဆိုင်းထား</u>

Myanmar Times, 24 July 2018

သမ္မတဦးဝင်းမြင့် ကတိပေးထားသည့်အတိုင်း  ကျောင်းဆရာ/ မများကို လစာတိုးပေးနိုင်ရန်အတွက်စာသင်ကျောင်းဆောက်လုပ်ခြင်းဘတ်ဂျတ်ငွေကို ဖြတ်တောက်လိုက်ပြီဖြစ်ကြောင်း ပညာရေးဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြောသည်။

ဥပဒေအရ ဖြတ်တောက်လိုက်တာ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့မှ ငွေအလုံအလောက်မရှိပါဘူး။ တင်ဒါရပ်ဆိုင်းလိုက်လို့လည်းမဟုတ်ပါဘူး ဟု ၎င်းက ပြောခဲ့သည်။

ထိုသို့လစာတိုးပေးရန်အတွက် ဝန်ကြီးဌာန၏ ၆ လစာ ဘတ်ဂျက်တွင် အပိုဆောင်းချထားပေးခြင်းမရှိသောကြောင့် ဆောက်လုပ်ရေးပိုင်းကို လျှော့ချလိုက်ရခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

သို့သော်လည်း လျှော့ချသည့်ပမာဏကို ၂၀၁၈- ၂၀၁၉ဘတ်ဂျက် စက်တင်ဘာတွင် စတင်၍ ပြန်လည်ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

Link: https://www.mmtimes.com/news/education-infrastructure-budget-cut-help-teachers.html

**<u>ကုန်တိုက်နှင့် ထိုင်းကျန်းမာရေးအဖွဲ့ပူးပေါင်း၍ ရန်ကုန်တွင် ဆေးရုံသစ် ဖွင့်လှစ်မည်</u>**

Myanmar Times, 24 July 2018

အရည်အသွေးမြင့်မားသည့် အဆင့်အတန်းရှိကျန်းမာရေးစောင့်ရှောက်မှုများကို လူအများမှ လိုအပ်နေသောကြောင့် မြန်မာ့ကုန်တိုက်တစ်ခုဖြစ်သည့် ဂမုန်းပွင့်ကုန်တိုက်ကုမ္ပဏီသည် ထိုင်းနိုင်ငံသွန်ဘူရီကျန်းမာရေးအုပ်စုနှင့် ပူပေါင်း၍ ဆေးရုံသစ်တစ်ခုစတင်ဖွင့်လှစ်ရန်အတွက် ပူးပေါင်းဆောင်ရွက် နေပြီဖြစ်သည်။




ဩဂုတ်လလယ်တွင် ဖွင့်လှစ်မည့် ယူအက်စ်ဒေါ်လာ သန်း ၇၀ ရင်းနှီးမြှုပ်နှံထားသည့် ဆေးရုံသစ်သည် ကုမ္ပဏီနစ်ခုလုံးအတွက် ပထမဆုံးအကြိမ် စီမံကိန်းလည်းဖြစ်သည်။ အာယုဆေးရုံသည် အထွေထွေဆေးရုံအဖြစ်တည်ရှိမည်ဖြစ်ပြီး နှလုံးအထူးကုနှင့် ဦးနှောက်နှင့်အာရုံကြောပါရဂူများလည်း ပါရှိမည်ဖြစ်သည်။

အရင်ကွင်းဆင်းလေ့လာတုန်း မြန်မာနိုင်ငံက ပြည်သူတွေက ဆေးရုံကြီးတွေမှာ လာပြီးစမ်းသပ်စစ်ဆေးတာတွေ၊ စပါယ်ရှယ်လစ်နဲ့လာရောက်တိုင်ပင်တာတွေထက် ဆေးဆိုင်တွေမှာ ဆေးဝယ်နေတာကို တွေ့ရပါတယ်ဟု အာယုအပြည်ပြည်ဆိုင်ရာဆေးရုံမှ စီအီးအိုဖြစ်သူ Dr Watson Aphiwatanakoon က ပြောသည်။

ယခုအခါ မှန်ကန်သည့်ရောဂါကုသမှုများကိုရရှိနိုင်မည်ဖြစ်ပြီး ဆေးရုံရောက်နောက်ကျမှုကြောင့် အန္တရာယ်ဖြစ်မှုကိုလည်း လျော့နည်းစေမည်ဖြစ်သည်။ ဆေးရုံသစ်သည် နိုင်ငံခြားတွင် ဆေးကုသမှုလာရောက်ခံယူကြသည့်လူနာများကိုလည်း ပစ်မှတ်ထားမည်ဖြစ်သည်။

Link: https://www.mmtimes.com/news/mall-operator-thai-healthcare-group-launch-yangon-hospital-high-demand.html

**<u>ဝေးလံခေါင်သီသည့် ဒေသများတွင် အခြေခံဆက်သွယ်ရေးရရှိရန် ဆောင်ရွက်မည်</u>**

Myanmar Times, 25 July 2018

ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံမှုရှိစေရေးအတွက် မြန်မာနိုင်ငံအတွင်းရှိ ဝေးလံခေါင်သီသော ဒေသများတွင် အခြေခံ ဆက်သွယ်ရေးရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြောကြားလိုက်သည်။

လက်ရှိတွင် ဆက်သွယ်ရေးအော်ပရေတာများမှ ထည့်ဝင်မည့် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့် ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေ( Universal Service Fund )ဖြင့် ဝေးလံခေါင်သီသောဒေသများတွင် အခြေခံ ဆက်သွယ်ရေးရရှိနိုင်ရန် စီမံဆောင်ရွက်နေပြီး ထိုရန်ပုံငွေတည်ထောင်ပြီးသည့် အချိန်မှသာ ဦးစားပေးအ ဆင့်လိုက် ဆောင်ရွက်ပေးသွားမည်ဟု ၎င်းက ဆိုသည်။

"အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေရဲ့ သတ်မှတ်စည်းကမ်းများနဲ့အညီ ဆက်သွယ်ရေး ကွန်ရက်လွှမ်းခြုံနိုင်မှုမရှိသေးတဲ့ နေရာဒေသများသို့ ဆက်သွယ်မှုရရှိနိုင်ရေးအတွက် ဦးစားပေးအဆင့်အလိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ် " ဟု ၎င်းက ပြောသည်။

အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းရေး မဟာဗျူဟာမူကြမ်းကို ဇွန်လ ၁၂ရက်နေ့ တွင် ပြုလုပ်ခဲ့သည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေး၌ တင်ပြထားပြီး ဥပဒေရေးထုံးများကို ရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်း တိုင်ပင်ကာ အစိုးရအဖွဲ့ထံ ဆက်လက် တင်ပြတော့မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ဆိုသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆက်သွယ်ရေးဥပဒေနှင့် သက်ဆိုင်ရာ နည်းဥပဒေများအရ ထုတ်ပြန်သည့် မူဝါဒ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတို့ကို အများပြည်သူများ သိသာလေ့လာပြီး သဘောထားမှတ်ချက်များ ပေးနိုင်ရန်အတွက် Public Consulationsများ ပြုလုပ်သည့်အပြင် ဝန်ကြီးဌာန၏ Websiteတွင်လည်း ဖော်ပြ၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

Link: https://www.mmtimes.com/news/plan-foresees-telecoms-remote-areas.html

UNHCR
The UN Refugee Agency

## တောင်ဒဂုံတွင် နည်းပညာကျောင်း တည်ဆောက်မည်

Myanmar Times, 26 July 2018

ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံတွင် နည်းပညာကျောင်းတည်ဆောက်မည့် စီမံကိန်းတစ်ရပ်ကို အတည်ပြုလိုက်ပြီဖြစ်ပြီး ထိုစီမံကိန်းအတွက်ရန်ပုံငွေသည် နောင်၅ နှစ်အတွက် တောင်းခံထားသည့်ရန်ပုံငွေပါဝင်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ အမတ်က ပြောခဲ့သည်။

ပြည်သူ့လွှတ်တော်ရှိ တောင်ဒဂုံအမတ်ဦးအေးနိုင်က အသက်မွေးဝမ်းသင်တန်းကျောင်းတွင် လူငယ်များ ၎င်းတို့မြို့နယ်ရှိ စက်မှုဇုန်များ၌ အလုပ်ရရှိရန်လိုအပ်သည့် ကျွမ်းကျင်မှုများကို သင်ကြားပေးမည်ဖြစ်ကြောင်းပြောခဲ့သည်။ ကျွမ်းကျင်တဲ့လူငယ်တွေဆို အလုပ်အကိုင်အခွင့်အလမ်းပိုများတာပေါ့ ဟု ၎င်းကပြောသည်။ မြို့နယ်ရှိ ၁၅ ရပ်ကွက်၏ လှော်ကားလမ်းမကြီးနှင့် ဂရုဏာလမ်းကြီး လမ်းဆုံတွင် သင်တန်းကျောင်းဆောက်လုပ်မည်ဖြစ်ပြီး လွှတ်တောမှ ဘတ်ဂျက်ကို အတည်ပြုပြီးပါက ယခုနှစ်ကုန်တွင် စတင်ဆောက်လုပ်မည်ဖြစ်သည်။

ဒေသကြီးအစိုးရသည် သင်တန်းကျောင်းတွင် စာသင်ခန်းများ ၊ အလုပ်ရုံနေရာများ၊ အိပ်ဆောင်များနှင့် အလုပ်သမားအဆောင်များအတွက် မာစတာစီမံကိန်းအကြမ်းရေးဆွဲနေသည်။

နည်းပညာနှင့်အသက်မွေးဝမ်းကျောင်းသင်တန်းဌာနသို့ တရားဝင်မြေပေးပြီးသည်နှင့် အဆောက်အဦး၊ ဝန်ထမ်းနှင့် သင်ကြားရေးပစ္စည်းများကို ဘဏ္ဍာနှစ်တစ်ခုစီအလိုက် တောင်းခံသွားမည်ဖြစ်သည်။

Link: https://www.mmtimes.com/news/technical-institute-be-built-south-dagon.html

## ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်မှခရီးသွားများ ပြည်ဝင်ခွင့်ဗီဇာ ဖြေလျှော့မည်

Eleven Myanmar, 26 July 2018

ယခုနှစ်အောက်တိုဘာ ၁ ရက်မှစတင်၍ ပြည်တွင်းသို့လာရောက်လည်ပတ်မည့် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံသားခရီးသွားများအား ဗီဇာကင်းလွတ်ခွင့်နှင့် တရုတ်နိုင်ငံသား ခရီးသွားများအား ဆိုက်ရောက်ဗီဇာဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ခွင့် ပြုမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ဇူလိုင် ၂၄ ရက် ရက်စွဲဖြင့် ကြေညာချက်ထုတ် ပြန်ထားသည်။



သာမန်နိုင်ငံကူးလက်မှတ်ကိုင် ဆောင်သော ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များကို လာမည့်အောက်တို ဘာ ၁ ရက်မှစတင်၍ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ စမ်းသပ်ကာလ တစ်နှစ်သတ်မှတ်၍ ဗီဇာအခမဲ့ဖြင့် လာရောက် လည် ပတ်ခွင့်ပေးမည်ဟု သိရသည်။

ယင်းကဲ့သို့ ဝင်ရောက်ခွင့်ပြုရာတွင် အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ပေါက်အဖြစ် သတ်မှတ်ထားသည့် ရန်ကုန်၊ မန္တလေး၊ နေပြည် တော်လေဆိပ်များနှင့် မြန်မာ- ထိုင်း နယ်စပ်ဂိတ်များဖြစ်သည့် တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ထီးခီးနယ်စပ်ဂိတ်များမှ ဝင်ရောက်၊ထွက်ခွာခွင့်ပြုမည်ဖြစ်ပြီး၊ သက်ဆိုင်ရာဝင်ပေါက်တွင် Show Money အဖြစ် အမေရိကန်ဒေါ်လာ ၁၀၀၀ပြသနိုင်ရန် လိုအပ်မည် ဖြစ် ကြောင်းသိရသည်။

ထို့အတူ သာမန်တရုတ်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူ ဟောင်ကောင်နှင့်မကာအိုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ နိုင်ငံသားများအပါအဝင် တရုတ်နိုင်ငံသားများကို အပြည်ပြည်ဆိုင်ရာ လေဆိပ်များဖြစ်သော ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် လေဆိပ်များမှတစ်ဆင့် မြန်မာနိုင်ငံသို့ လေကြောင်းခရီး စဉ်ဖြင့် ဝင်ရောက်ခွင့်ပြုမည်ဖြစ်သည်။

သို့ဖြစ်ရာ ဆိုက်ရောက်ဗီဇာ အခငွေ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၅၀ ကို လေဆိပ်တွင် ကောက်ခံ၍ Show Money အဖြစ် အမေရိကန်ဒေါ်လာ ၁၀၀၀လေဆိပ်တွင် ပြသနိုင်ရမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်များမှပင် ပြန်လည်ထွက်ခွာရမည်ဖြစ်ကြောင်း သိရသည်။

Link: http://www.elevenmyanmar.com/local/14408

## ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများမှ အလုပ်အကိုင် ၁၆၀၀၀ နီးပါးဖန်တီးပေးနိုင်ခဲ့

Eleven Myanmar, 28 July 2018

မေလနှင့်ဇွန်လနောင်းပိုင်းတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများမှ အလုပ်အကိုင်၁၆၀၀၀နီးပါးဖန်တီးပေးနိုင်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ပြောကြားချက်အရ သိရှိရသည်။

မေလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ အလုပ်အကိုင် ၈၈၆၆ ခု ဖန်တီးပေးနိုင်ခဲ့ပြီး ဇွန်လတွင် အလုပ်အကိုင် ၄၄၁၅ ခု ဖန်တီးပေးနိုင်ခဲ့သည်၊ မေလတွင် ပြည်တွင်းနိုင်ငံသားရင်းနှီးမြှုပ်နှံမှုများမှ အလုပ်အကိုင် ၁၇၆၆ ခုဖန်တီးပေးနိုင်ခဲ့ပြီး ဇွန်လတွင် ၉၉၃ ခုဖန်တီးပေးနိုင်ခဲ့သည်။

ယခု နှစ်လအတွင်း စက်မှုကဏ္ဍတွင် အမြင့်ဆုံးရင်းနှီးမြှုပ်နှံမှု ယူအက်စ်ဒေါ်လာ ၂၅၄ သန်းရှိပြီး အခြားကဏ္ဍများတွင် ယူအက်စ်ဒေါ်လာ ၇၁ သန်းကျော်ရှိကြောင်း မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြောသည်။

ဘတ်ဂျက်အသေးစားကာလ ( ဧပြီမှ စက်တင်ဘာလ) အတွင်း မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုထားသည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုများသည် မေလတွင် ငွေကျပ် ၃၀၀၈၄. ၉၀၂ သန်း ရင်းနှီးမြှုပ်နှံခဲ့ပြီးနှင့် ဇွန်လတွင် ငွေကျပ် ၃၅၅၉၆. ၀၉၀သန်း ရင်းနှီးမြှုပ်နှံမှုရှိကြောင်း ကြေငြာခဲ့သည်။

နှစ်လအတွင်း ဒေသခံများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ အလုပ်အကိုင်ဖန်တီးပေးမှုသည် လယ်ယာကဏ္ဍတွင် ၄၀ခု ၊ စက်မှုကဏ္ဍတွင် ၁၂၉၄၀ ခုနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍတွင် ၁၈ ခုနှင့် အခြားကဏ္ဍများတွင် ၂၈၃ ခု ရှိကြောင်း သိရှိရသည်။

Link: http://www.elevenmyanmar.com/business/14414

## ပြုပြင်ပြောင်းလဲမှုကို တစ်ချို့က ခြိမ်းခြောက်မှုအဖြစ် မြင်ကောင်းမြင်နိုင်ဟု သမ္မတကြီးပြော

Mizzima, 30 July 2018

လက်ရှိအခြေအနေတွင် ပြုပြင်ပြောင်းလဲမှုကို တစ်ချို့က ခြိမ်းခြောက်မှုတစ်ခုအဖြစ် မြင်ကောင်း မြင်နိုင်ပြီး ပြုပြင်ပြောင်းလဲမှုသည် ခြိမ်းခြောက်မှု မဟုတ်ဘဲ အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်က ပြောကြားလိုက်သည်။



ဇူလိုင် ၂၉ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမတွင် ပြုလုပ်ခဲ့သည့် နိုင်ငံတော်သမ္မတနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင် ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများတွေ့ဆုံပွဲတွင် ပြောကြားခဲ့ ခြင်း ဖြစ်သည်။

" ပြုပြင်ပြောင်းလဲမှုကို တချို့က ခြိမ်းခြောက်မှု တစ်ခုအနေနဲ့ မြင်ကောင်း မြင်နိုင်ပါတယ်။ ပြုပြင်ပြောင်းလဲမှုအလုပ်က ခြိမ်းခြောက်မှု မဟုတ်ပါဘူး။ အခွင့်အလမ်းတစ်ခု၊ အခွင့်အခါကောင်းတစ်ခုဖြစ်ပါတယ်။ ဒီလိုအခွင့်အခါကောင်းတစ်ခုကို ကျွန်တော်တို့ ရတောင့်ရခဲအချိန်အခါမှာ ရာစုနှစ်ထက်ဝက်ကျော် ဒီလိုအချိန်ကောင်းအခါကောင်းကို ရှားရှားပါးပါး ရလာတဲ့ အ ချိန်အခါကို လက်တွေ့ကျကျ အသုံးမချနိုင်ဘူးဆိုရင် ကျွန်တော်တို့မှာ သမိုင်းပေးတာဝန် မကျေပွန်ရာ ကျပါတယ်" ဟု နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်က ပြောကြားသည်။

ထို့ပြင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများသည် စိုးရိမ်စရာမဟုတ်သလို ရန်သူမဟုတ်ကြောင်း မိတ်ဆွေသာဖြစ်ကြောင်း လက်တွေ့ကျကျ မရှိမဖြစ် အသိစိတ်ဓာတ်ရှိရှိနှင့် အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရမည့်အလုပ် ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဆက်လက်ပြောကြားသည်။

" လက်ရှိအခြေအနေမှာ ပြုပြင်ပြောင်းလဲရေးကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်ဖို့ များစွာလိုအပ်ပါတယ်။ ပြုပြင် ပြောင်းလဲရေးကို လုပ်တဲ့အခါမှာ တစ်ချို့စိုးရိမ်ကြတာ ရှိပါတယ်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းက စိုးရိမ်စရာမဟုတ်ပါဘူး။ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်သည် ရန်သူမဟုတ်ပါဘူး။ မိတ်ဆွေဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲရေးအလုပ်သည် အတင်းအဓမ္မ ခိုင်းနေရမယ့်

အလုပ်မဟုတ်ပါဘူး။ လက်တွေ့ကျကျ မရှိမဖြစ် အသိစိတ်ဓာတ်ရှိရှိနဲ့ အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရမယ့်အလုပ် ဖြစ်ပါတယ်" ဟု နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ပြောကြားသည်။

ထို့ပြင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်သုံးခုအား တစ်ခုနှင့်တစ်ခု ဝင်ရောက်မစွက်ဖက်ရန်၊ Check and Balance ရှိရန်၊ အပြန်အလှန် ထိန်းကျောင်းမှုရှိရန်လည်း သမ္မတက ဆက်လက်ပြောကြားခဲ့သည်။

Link: http://www.mizzima.com/news-domestic/myanmar-president-calls-increased-momentum-reform

## ရန်ကုန် မိုးပျံလမ်း စီမံကိန်း ၂၀၁၉ စတင်မည်

The Irrawaddy, 30 July 2018

ရန်ကုန်မြို့၌ တည်ဆောက်မည့် မိုးပျံ အမြန်လမ်းမကြီး (Yangon Elevated Expressway) စီမံကိန်းကို ၂၀၁၉ ခုနှစ် တွင် လုပ်ငန်းများ စတင် အကောင်အထည် ဖော်မည်ဖြစ်ပြီး ၃ နှစ်အတွင်း အပြီးတည်ဆောက်သွားမည် ဖြစ်ကြောင်း သတင်း ရရှိသည်။



ယနေ့ နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်တွင် ကျောက်တံတားမြို့နယ် လွှတ်တော် ကိုယ်စားလှယ် ဦးနေမျိုးထက်၏ ရန်ကုန်တိုင်း အတွင်း ပြည်သူများ သွားလာမှု အဆင်ပြေစေရန်နှင့် ကားကြပ်တည်းမှုများ လျော့ပါးစေရန် Inner Ring Road ပြုလုပ်ရန် စီစဉ်ထားမှု အခြေအနေနှင့် ပတ်သက်သည့် မေးခွန်းကို ဆောက်လုပ်ရေး ဒုဝန်ကြီး ဦးကျော်လင်းက အထက်ပါအတိုင်း ဖြေဆိုခြင်း ဖြစ်သည်။

ယင်းစီမံကိန်းကို တည်ဆောက်ရန် စိတ်ဝင်စားသည့် နိုင်ငံပေါင်း ၁၂ ခုရှိ ကုမ္ပဏီပေါင်း ၅၃ ခုထဲမှနေ၍ အဆင့်ဆင့် စိစစ်ပြီးနောက် စီမံကိန်း တတိယအဆင့်အဖြစ် Request for Proposal ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့ တွင် ခေါ်ယူကာ နောက်ဆုံးပိတ် အောင်မြင်သည့် ကုမ္ပဏီ တဖွဲ့ သို့မဟုတ် ၄ ဖွဲ့အတွင်းမှ အတည်ပြု ရွေးချယ်မည် ဖြစ် ကြောင်း သိရသည်။

“၂၀၁၉ ခုနှစ် အစပိုင်းမှာပဲ Inner Ring Road ကို စတင် ဆောင်ရွက်သွား မှာ ဖြစ်ပါတယ်။ စတင် ဆောင်ရွက်တဲ့ အချိန် ကနေ စပြီးတော့ ၃ နှစ်အတွင်းမှာ အပြီးတည်ဆောက်သွားမှာ ဖြစ်ပြီးတော့ ဒီစီမံကိန်း လုပ်ငန်းကို နိုင်ငံတော် ဘဏ္ဍာငွေနဲ့ တည်ဆောက်မှာ မဟုတ်ဘဲနဲ့ နိုင်ငံတကာ ကုမ္ပဏီတွေရဲ့ ကိုယ်ပိုင် အရင်းအနှီးနဲ့ ဆောင်ရွက်သွားစေမှာ ဖြစ်ပါတယ်” ဟု ဒုဝန်ကြီး ဦးကျော်လင်းက ပြောသည်။

ရန်ကုန် မိုးပျံ အမြန်လမ်း စီမံကိန်းသည် ဗိုလ်တထောင်ဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်မှစတင်၍ ဗိုလ်တထောင် ဘုရားလမ်း၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်၊ မြောက်ဥက္ကလာ၊ ခရေပင်လမ်း၊ အောက်မင်္ဂလာဒုံလမ်း၊ ဘုရင့်နောင်လမ်း၊ ကြည့်မြင်တိုင် လမ်းတို့ကို ဖြတ်သန်းပြီး ပန်းလှိုင်လမ်းထောင့်တွင် ဆုံးမည့် လုပ်ငန်းစဉ်တခု ဖြစ်ကြောင်း၊ မိုးပျံလမ်း အရှည်သည် ၄၇ ကီလိုမီတာခန့် ရှိမည် ဖြစ်၍ စီမံကိန်း၏ Phase 1 အဖြစ် ဗိုလ်တထောင် ဘုရားလမ်းထိပ်မှ မင်္ဂလာဒုံ ခရေပင် လမ်းဆုံအထိကို စတင်မည် ဖြစ်ကြောင်း ဆောက်လုပ်ရေး ဒု ဝန်ကြီးက ပြောသည်။

Link: https://www.irrawaddy.com/news/burma/work-yangon-elevated-expressway-begin-next-year-says-minister.html

## စက်မှုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်

Myanmar Business Today, 30 July 2018

ဘဏ္ဍာရေးနှစ် အကူးအပြောင်းကာလနှစ်လတာအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနက် စက်မှုကဏ္ဍတွင် အများဆုံးဝင်ရောက်ထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ စာရင်းများအရသိရသည်။

မေလ၊ ဇွန်လအတွင်း နိုင်ငံတွင်းသို့ဝင်ရောက် ခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ကန်ဒေါ်လာ၃၄၇သန်း ကျော် ထိရှိပြီး ကန်ဒေါ်လာ ၂၅၃ သန်းကျော်မှာ စက်မှုကဏ္ဍ လုပ်ငန်း၁၇ ခုကို ခွင့်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှုပမာ ဏဖြစ်ကြောင်း သိရသည်။




အဆိုပါနှစ်လတာအတွင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် စက်မှုကဏ္ဍ(၁၇)ခု၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ(၁)ခု၊ အခြားဝန်ဆောင်မှုကဏ္ဍ(၃)ခု၊လယ်ယာကဏ္ဍ(၁)ခုအပါ အဝင်စုစုပေါင်း(၂၂)ခု ခွင့်ပြုခဲ့ပြီး အဆိုပါ လုပ်ငန်း များမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်ဖန်တီး ပေးနိုင်မှုမှာ ၁၃၀၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် အဆိုပါနှစ်လအတွင်း လုပ်ငန်းအရေအတွက် ၂၃ ခု ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကျပ်သန်းပေါင်း ၆၅၆၈၀ကျော်ခွင့်ပြုပေးခဲ့ပြီး အဆိုပါ လုပ်ငန်းများမှ ပြည်တွင်းလုပ်သား အလုပ်အကိုင်ဖန်တီးပေးနိုင်မှု ၂၇၀၀ နီးပါးရှိခဲ့ကြောင်း သိရသည်။အဆိုပါ စာရင်းတွင်လည်း စက်မှုကဏ္ဍတွင်ကျပ် ၄၁၇၅၄ သန်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

Link: https://www.mmbiztoday.com/articles/industrial-sector-receives-many-fdi-s

## တိုင်းရင်းသားလုပ်ငန်းရှင်များ အများပိုင်ကုမ္ပဏီတစ်ခု တည်ထောင်သွားမည်

Myanmar Business Today, 30 July 2018

တိုင်းရင်းသားလုပ်ငန်းရှင်များ ပြည်တွင်းပြည်ပနိုင်ငံများနှင့်ချိတ်ဆက်ကာ နည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုများပြုနိုင်မည့် တိုင်းရင်းသား လုပ်ငန်းရှင်များပါဝင်သော အများပိုင်ကုမ္ပဏီတစ်ခု တည်ထောင်သွားမည်ဖြစ်ကြောင်း သိရသည်။




ဇူလိုင်လ ၂၀ ရက်က မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်း ရှင်များအသင်းမိတ်ဆက်ခြင်းအခမ်းအနားတွင် အထွေ ထွေအတွင်းရေးမှူး ဦးမင်းဗညားစံက အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ပြီး အသင်းအနေဖြင့်လည်း တိုင်း ရင်းသားဒေသများရှိ ရိုးရာအစားအသောက်နှင့် လူသုံး ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ ထိုးဖောက်နိုင် စေရန် ပြည်တွင်းပြည်ပ ကုန်စည်ပြပွဲများတွင် ဝင် ရောက်ပြသခြင်း၊ ပြည်ပဈေးကွက် သစ်ရှာဖွေခြင်းများ ကိုလည်း ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လာမည့် ၁၈ လအတွင်း အသင်းဝင်များကိုစုစည်းကာ အသင်းညီလာခံခေါ်ယူပြီး အလုပ်အမှုဆောင်များကို အောက်ခြေအဆင့်မှ စတင်ရွေးချယ်သွားမည်ဖြစ်ပြီးနောက်အသင်းမှ တိုင်းရင်းသားလုပ်ငန်းရှင်များ စုပေါင်းထားသည့် အများပိုင်ကုမ္ပဏီတစ်ခုကို တည် ထောင်သွားရန်ရှိကြောင်း ဦးမင်းဗညားစံကပြောသည်။

"ကျွန်တော်တို့ အသင်းရဲ့ ရည်ရွယ်ချက်ကတော့ တိုင်းရင်းသားလုပ်ငန်းရှင်တွေ အများအပြားပေါ်လာဖို့ ရည်ရွယ်ပါတယ်၊ တိုင်းရင်း သားလုပ်ငန်းရှင်တွေလည်း ရှိတာတော့ရှိပါတယ်၊ ဒါပေမယ့် တော်တော်လေးကိုနည်းနေတဲ့ အနေအထားမှာပဲ ရှိပါ သေးတယ်။ တချို့လူမျိုးလုပ်ငန်းရှင်တွေဆိုရင် တော်တော်ကို ရှာရခက်တဲ့ အနေအထားမှာရှိနေပါတယ်"ဟုၡင်းကပြောသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းတွင် တိုင်းရင်းသား လူမျိုး ၁၃၅ မျိုးကို အခြေခံ၍ အသင်းဝင်၂၇ဦးဖြင့် ဖော်ဆောင်နေခြင်းဖြစ်ပြီးယခုကဲ့သို့ ဆောင်ရွက်ရခြင်းမှာ ဖွံ့ဖြိုးမှုနည်းပါးသည့်ဒေသများတွင် တိုင်းရင်းသား လုပ်ငန်းရှင်များ အများအပြားပေါ်ထွက်လာစေရန်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံရေးလုပ်တဲ့ အခါမှာစီးပွားရေး အကူအညီမရှိရင်ဘာမှ လုပ်လို့မရပါဘူး၊တစ်ဘက်မှာလည်း စီးပွားရေးလုပ်တဲ့ အခါမှာ နိုင်ငံ ရေး အကူညီမရှိရင်ဘာမှ လုပ်လို့မရပါဘူး။ ဒါကြောင့်ဒီနှစ်ခုချိတ်ပြီး စဉ်းစားဖို့လိုပါတယ်၊ ဒီအသင်းသည်သာ မန်အသင်းမ ဟုတ် ဘူး၊ငြိမ်းချမ်းရေး နဲ့တွဲထားတဲ့ အသင်းဖြစ်တယ်။"ဟု မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များ အသင်း နာယက ပါမောက္ခ ဒေါက် တာအောင်ထွန်းသက်ကပြောသည်။

Link: https://www.mmbiztoday.com/articles/ethnic-entrepreneurs-set-public-company

**<u>သီလဝါအထူးစက်မှုဇုန်တွင် နိုင်ငံပေါင်း ၁၇ ခုမှ ကုမ္ပဏီ ၈၉ ခုလာရောက် ရင်းနှီးမြှုပ်နှံ</u>**

Eleven Myanmar, 30 July 2018

သီလဝါအထူးစက်မှုဇုန်တွင် နိုင်ငံပေါင်း ၁၇ ခုမှ ကုမ္ပဏီ ၈၉ ခုလာရောက် ရင်းနှီးမြှုပ်နှံကြပြီး ဇုန် ဘီ တည်ဆောက်မှုတွင် ဆောက်လုပ်ရေးမှာ ယခုနှစ်ကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

သီလဝါစက်မှုဇုန်သည် ရန်ကုန်မြို့တော် အရှေ့တောင်ပိုင်း ၁၄ မိုင်အကွာတွင်တည်ရှိပြီး မြေ ၂၄၀၀ ဧကပေါ်တွင် ဆောက်လုပ်ထားခြင်းဖြစ်သည်။

ယခုချိန်ထိ ဇုန် အေတွင် ယူအက်စ်ဒေါ်လာ ၁. ၃၇၄ ဘီလီယံ ရင်းနှီးမြှုပ်နှံပြီးပြီဖြစ်သည်။ ဇုန် ဘီမှာ ဆောက်လုပ်နေဆဲဖြစ်ပြီး ဂျပန်နှင့် စင်ကာပူနိုင်ငံများသည် အကြီးမားဆုံးရင်းနှီးမြှုပ်နှံသူများဖြစ်သည်ဟု သီလဝါစီမံခန့်ခွဲရေးကော်မတီက ဆိုသည်။

"စီးပွားရေးလုပ်ငန်း ၉၃ ခုကို ပါမစ်ထုတ်ပေးထားပါတယ်၊ ဇုန်မှာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ယူအက်စ်ဒေါ်လာ ၁. ၃၇၄ ဘီလီယံရှိပါတယ်။ ဒီစီးပွားရေးလုပ်ငန်းတွေက ဇုန် အေနဲ့ ဘီ နှစ်ခုစလုံးမှာ ရှိပါတယ်။ ၇ ခုက ဇုန်ဘီကပါ " ဟု စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဌ ဒေါ်ချိုချိုဝင်းကပြောသည်။

ဇုန်တွင် ဂျပန်ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီ ၄၈ ခုရှိကြောင်း သူမကပြောသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏အဆိုရ သီလဝါစက်မှုဇုန်တွင် ၂၀၁၇- ၁၈ ဘဏ္ဍာနှစ်တွင် ယူအက်စ်ဒေါ်လာ ၄၀၁ သန်း လာရောက်ရင်းနှီးမြှုပ်နှံခဲ့သည်၊ ထိုထဲတွင် ဂျပန်နှင့် စင်ကာပူသည် ၆၀ ရာခိုင်နှုန်းကျော် မြှုပ်နှံပါဝင်သည်။

Link: http://www.elevenmyanmar.com/business/14427

**<u>၁၁ ထပ် အမြင့် ကြယ် ၄ ပွင့်အဆင့်ရှိ ဟိုတယ် လွိုင်ကော်တွင် တည်ဆောက်နေ</u>**

Kantarawaddy Times, 31 July 2018

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ မိုင်းလုံးရပ်ကွက်တွင် 4 Star အဆင့်ရှိ အဆင့်မြင့်ဟိုတယ် တည်ဆောက်နေကြောင်း ကယားပြည်နယ် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၏ လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းဇော်ထွဋ်က ပြောသည်။



"အဆင့်က ကြယ်လေးလုံးအဆင့်ထိရှိတဲ့ ဟိုတယ်ဆောက်မယ်ပြောပါတယ်၊ ဒါပေမယ့် သူတို့ဆောက်ပြီးမှ သတ်မှတ်လို့ရမယ်ပေါ့၊ နိုင်ငံတော် သမ္မတအဆင့်ထိ တည်းလို့ရမယ့် ဟိုတယ်ဖြစ်ပြီး ရေကူးကန်တွေ၊ အခန်းတွေပါမယ်ဆိုတော့ 4 Star ဟိုတယ်ပေါ့။ အဆင့်သတ်မှတ်ချက်တွေကတော့ အကုန်ပြီးစီးမှ သတ်မှတ်ပေးပါမယ်"ဟု ဦးလင်းဇော်ထွဋ်က ပြောသည်။

ယခုဟိုတယ်တွက် အနည်းဆုံး အမေရိကန်ဒေါ်လာ ၅ သန်း( ကျပ်သန်းပေါင်း ၆ ထောင်ခန့်) ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး၊ Myanmar New Ray Co,Ltd မှ တာဝန်ယူတည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

စီမံကိန်းကာလမှာ ၂၀၁၇ ဒီဇင်ဘာမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလထိဖြစ်ပြီး ၂၀၂၀ တွင် ဖွင့်လှစ်ရန် မျှော်မှန်းထားသည်။

ကယားပြည်နယ်တွင် အကြီးဆုံးဖြစ်လာမည့် ၎င်းဟိုတယ်ကို မော်ချီးခဲသတ္တုထုတ်လုပ်ရောင်းချရေးကုမ္ပဏီဖြစ်သည့် ရဲထွဋ်ကျော်ကုမ္ပဏီက အဓိက ရင်းနှီးမြှုပ်နှံထားသည်။

"ရှယ်ယာဝင်သူတွေက အဓိက ရဲထွဋ်ကျော်တစ်ခုပဲ နာမည်ထည့်ထားပါတယ်၊ ကျန်သူတွေက ပြည်တွင်း/ပြည်ပ ဘယ်သူတွေပါလဲတော့ မသိပါဘူး။"ဟု ဦးလင်းဇော်ထွဋ်က ပြောသည်။

ဟိုတယ်တည်ဆောက်ရန် ရှယ်ယာဝင်အမည်ပေါက်များမှာ ရဲထွဋ်ကျော်ကုမ္ပဏီတစ်ခုတည်းဖြစ်ပြီး အခြားမည်သူများ ပါဝင်သည်ကိုမှု မသိရသေးကြောင်း ၎င်းက ပြောသည်။

လူဦးရေ ၆၀၀ ဆံ့ ခန်းမကြီးနှင့် အခန်းပေါင်း ၈၀ ခန်း၊ ဧည့်သည် ၂၀၀ နီးပါး တပြိုင်တည်း တည်းခိုနိုင်မည့် အဆင့်မြင့်ဟိုတယ်သည် သမ္မတပင် တည်းခိုနိုင်မည်ဖြစ်သည်။

ကယားပြည်နယ်တွင် ယခုနှစ်ပိုင်းအတွင်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်လာသည်။ ၂၀၁၇ ခုနှစ်ထိ လွိုင်ကော်တွင် ဟိုတယ် ၁၈ လုံး အခန်း ၃၈၄ ခန်းအထိ ရှိလာပြီဖြစ်သည်။

Link: https://www.bnionline.net/en/news/eleven-story-four-star-hotel-under-construction-loikaw

## မြေနှင့် ပစ္စည်းဥစ္စာ

**တပ်မတော်မှ သိမ်းယူထားသည့်မြေများ ပြန်လည်ပေးအပ်**

Mizzima, 19 July 2018

လယ်သမားများထံမှ ဆယ်စုနှစ်ပေါင်းများစွာ သိမ်းယူထားသည့် အသုံးမပြုခဲ့သောမြေများကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်လိုက်ကြောင်း တပ်မတော်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။ RFA ၏အဆိုအရ လူ့အခွင့်အရေးအဖွဲ့မှ အရပ်သားအစိုးရသည် မြေသိမ်းယူခြင်းခံထားရသောသူများအတွက် တရားမျှတမှုဆောင်ရွက်ပေးရန် ကတိပေးထားသော်လည်း လုပ်ဆောင်မှုမရှိဟု အစီရင်ခံစာတစ်ထွက်လာပြီး နောက်နေ့တွင် ပြန်လည်ပေးအပ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

“စစ်တပ်သိမ်းထားတဲ့ မြေတချို့ဆို အသုံးပြုခြင်းမရှိခဲ့ပါဘူး ” ဟု တပ်ချုပ်ရုံး၏ ပြန်ကြားရေးဌာနမှ ဗိုလ်မှူးကြီး ဇော်မင်းထွန်းက RFA’s Myanmar သို့ ပြောသည်။

မြန်မာဒုတိယသမ္မတ ဦးမြင့်ဆွေပါဝင်သည့်အစိုးရအဖွဲ့သို့ တပ်မတော်မှ အသုံးမပြုသည့်မြေများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ၎င်းက ဆိုသည်။

Link: http://www.mizzima.com/news-domestic/confiscated-land-returned-military

## ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ တိုင်းရင်းသားညီလာခံ ကျင်းပမည်**

Eleven Myanmar, 23 July 2018

စတုတ္ထအကြိမ်ပင်လုံညီလာခံမတိုင်မီ တိုင်းရင်းသားလက်နက်ကိုင်အားလုံးပါဝင်သည့် တိုင်းရင်းသားညီလာခံတစ်ရပ်ကျင်းပရန် စတင် အစီအစဉ် ရေးဆွဲနေပြီးဖြစ်ကြောင်း သိရသည်။

တိုင်းရင်းသားညီလာခံကို ယခုနှစ် ဇူလိုင် သို့ ဩဂုတ်လတွင် ကျင်းပရန် စီစဉ်ထားသော်လည်း တတိယအကြိမ်ညီလာခံသည် ယခုတွင် ကျင်းပသွားသောကြောင့် နဂိုစီစဉ်ထားသည့်အတိုင်း မဖြစ်လိုက်ပေ။

" ကျွန်တော်တို့အဆင့် ၂ဆင့် အနေနဲ့ဆွေးနွေးဖို့ရှိပါတယ်။ ပထမအဆင့်က NCA ထိုးထားတဲ့အဖွဲ့တွေနဲ့ဖြစ်ပြီး ဒုတိယအဆင့်ကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးပါဝင်ရဖို့ပဲဖြစ်ပါတယ်။ စတုတ္ထအကြိမ်ပင်လုံညီလာခံမတိုင်ခင် ပြုလုပ်သွားဖို့ရှိရပါတယ် " ဟု NCA ထိုးထားသည့်ချင်းအမျိုးသားတပ်ဦးမှ ဒုတိယဥက္ကဋ္ဌဖြစ်သူ Dr Salai Lian Hmung Sakhong က ပြောသည်။

လက်မှတ်ရေးထိုးထားသည့်အဖွဲ့အားလုံးသည် ၎င်းတို့ရင်ဆိုင်ရသည့်အခက်အခဲများကို ဆွေးနွေးအဖြေရှာရန်အတွက် ညီလာခံအတွင်းဆွေးနွေးသွားရန် စီစဉ်ထားသည်။ လက်မှတ်မထိုးရသေးသည့်အဖွဲ့များကို NCA လက်မှတ်ရေးထိုးရန်အတွက် နည်းလမ်းရှာဖွေရန် အစီအစဉ်များလည်း ပါဝင်သည်။

ယခင်က တိုင်းရင်းသားညီလာခံကို ချင်းမိုင်တွင်ကျင်းပခဲ့သည်။ သို့သော်လည်း ယခုအခါအတွက် မည်သည့်နေရာတွင် ကျင်းပမည်ဆိုသည်ကို ပြောကြားမှု မရှိသေးပေ။

Link: http://www.elevenmyanmar.com/politics/14381

**မွန်နှစ်ပါတီပေါင်းစည်းရေးသဘောတူညီမှုရရှိ ပါတီသစ်တွင် နိုင်တင်အောင် ဥက္ကဋ္ဌဖြစ်လာ**

Mon News Agency, 24 July 2018

မွန်အမျိုးသားပါတီ MNP နှင့် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ AMDP တို့ ဇူလိုင်လ ၂၁ ရက်နေ့က မော်လမြိုင်မြို့ AMDP ရုံးဆွေးနွေးပွဲ၌ နှစ်ပါတီပေါင်းစည်းရေးသဘောတူညီမှုရရှိကြပြီး ပါတီသစ်ဥက္ကဋ္ဌ အဖြစ် နိုင်တင်အောင်ကို ရွေးချယ်လိုက်ကြောင်း သတင်းရရှိသည်။



ပါတီသစ်၏ တွဲဘက်အတွင်းရေးမှူး(၁) နိုင်လယိတမက“နှစ်ပါတီပေါင်းစည်းရေးကို အားလုံးအပြီးသတ်နိုင်ခဲ့ပြီ၊ အဓိသဘောတူခဲ့တာက ပါတီတွင်းတာဝန်ခွဲဝေမှုတွေ၊ တဖက်ကို ဗဟိုကော်မတီ ၅၀ ဦးစီ စုစုပေါင်း ၁၀၀ ဦး၊ အဲဒီအထဲက ဗဟိုအလုပ်အမှုဆောင် ၂၂ ဦးစီရွေးလိုက်တော့ စုစုပေါင်း ၄၄ ဦး၊ ဒီတစ်လအတွင်းမှာ ပါတီအမည်အတည်ပြုမယ်၊ အဲဒီနောက် ရှေ့ဆင့်နောက်ဆင့်မှာပဲ နှစ်ပါတီပေါင်းစည်းခြင်း အထိန်းအမှတ်ပွဲနဲ့ ဗဟိုကော်မတီအစည်းဝေးလုပ်ဖို့ စီစဉ်ထားတယ်” ဟု ဆိုသည်။

အနယ်နယ်အရပ်ရပ်မှ အကြံပြုပေးပို့လာသည့် ပါတီအမည်သစ် ၄၉ ခုအနက် ၁၀ ခုကို ရွေးချယ်ထားပြီး အောက်ခြေပါတီထုထံ ပါတီပေါင်းစည်းရေးရှင်းလင်းပွဲများဆက်လက်ပြုလုပ်၍ ပါတီသစ်အမည်ကိုလည်း အများသဘောတူညီချက်အတိုင်း အတည်ပြုသွားမည်ဟု ၎င်းကဆက်ပြောသည်။

ထို့ပြင် ပြန့်ကျဲနေသောအင်အားစုများ ပါဝင်လာလာရေးအတွက် နိုင်ငံရေးအင်အားစုများ၊ သက်ဆိုင်သည့်ပုဂ္ဂိုလ်များနှင့် တရားဝင်တွေ့ဆုံဆွေးနွေးရန် အဖွဲ့ခေါင်းဆောင် နိုင်ကျန်ရစ် ဦးဆောင်သော ၅ ဦးပါအဖွဲ့ကိုလည်း ဖွဲ့စည်းတာဝန်ပေးထားသည်ဟု ဆိုသည်။ မွန်ကိုယ်စားပြုပါတီဖြစ်မြောက်ရေး ၂၁ ဦးအဖွဲ့ ပြောခွင့်ရ ဒေါက်တာအောင်နိုင်ဦးက “ဒီလဆန်းပိုင်း ၆ ရက်နေ့မှာ နှစ်ပါတီဘက်က ကိုယ်စားလှယ် ၅ ဦးနဲ့ ကျနော်တို့ ၅ ဦးတွေ့ခဲ့တယ်၊ ကျနော်တို့တင်ပြတာကတော့ သူတို့နှစ်ပါတီရော ကျနော်တို့ မွန်နိုင်ငံရေးညီလာခံက ဖွဲ့စည်းပေးလိုက်တဲ့ ၂၁ ဦးနဲ့ အဖွဲ့ဝင်တွေရော အပြင်မှာဘာမှကြွင်း

နှစ်ပါတီပေါင်းစည်းရေးသဘောတူညီချက်အရ ဥက္ကဌ နိုင်တင်အောင်၊ ဒုဥက္ကဌ(၁) နိုင်လှအောင်၊ ဒုဥက္ကဌ(၂) နိုင်ငွေသိန်း၊ ဒုဥက္ကဌ(၃) နိုင်ချမ်းတွဲ ၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမင်းနွယ်စိုး၊ တွဲဘက်အတွင်းရေးမှူး(၁) နိုင်လယိတမ၊ တွဲဘက်အတွင်းရေးမှူး(၂) နိုင်စံတင်၊ တွဲဘက်အတွင်းရေးမှူး(၃) နိုင်စိုးမြင့်၊ တွဲဘက်အတွင်းရေးမှူး(၄) နိုင်သန်းရွှေ၊ တွဲဘက်အတွင်းရေးမှူး(၅) ဒေါက်တာမင်းကြည်ဝင်း တို့ကို ရွေးချယ်ထားကြောင်း သိရသည်။

နိုင်တင်အောင်သည် မွန်ပြည်သူ့တပ်ဦး ဥက္ကဌနိုင်အောင်ထွန်း၏သား၊ ငယ်စဉ်ဘဝက မွန်ပြည်သူ့တပ်ဦးအဖွဲ့ဝင်ဟောင်း၊ နိုင်ငံရေးအကျဉ်းသားဟောင်း၊ မွန်ပြည်သစ်ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဟောင်း၊ မွန်အမျိုးသားပါတီ ဒုဥက္ကဌ တာဝန်ယူခဲ့သူ ဖြစ်သည်။

Link: https://www.bnionline.net/en/news/mnp-amdp-finalize-merger-elect-nai-tin-aung-chair-new-party

## ငြိမ်းချမ်းရေး ကော်မရှင် နှင့် KIO၊ RCSS/SSA တို့ အလွတ်သဘောတွေ့ဆုံ

Myanmar Times, 25 July 2018

အစိုးရငြိမ်းချမ်းရေး ကော်မရှင် PC သည် ကချင်လွတ်လပ်ရေးအဖွဲ့ KIO နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ RCSS/SSA တို့နှင့် နှစ်ဖက်ယုံကြည်မှု တည်ဆောက်ရန်အပါအဝင် ပဋိပက္ခများကို NCA လမ်းကြောင်းထဲမှ ဖြေလျှော့နိုင်ရန် နည်းလမ်းရှာသည့်သဘောဖြင့် ဇူလိုင်လ ၂၀ ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် အလွတ်သဘော တွေ့ဆုံခဲ့ကြသည်။

ငြိမ်းချမ်းရေးကော်မရှင်သည် KIO နှင့် ဇူလိုင်လ ၂၀ ရက်နေ့ မနက်ပိုင်းက တွေ့ဆုံခဲ့ပြီး RCSS/SSA နှင့် နေ့လည်ပိုင်းတွင် အလွတ်သဘောတွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ဒေသအတွင်း ဖြစ်ပွားနေသည့် စစ်ရေးပဋိပက္ခများကို ဖြေလျှော့နိုင်ရန် အဓိကထား ဆွေးနွေးသွားမည့် အနေအထားတွင်ရှိသည်ဟု တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် နီးစပ်သူတစ်ဦးက သတင်းနှင့်မီဒီယာ ကွန်ရက်သို့ ဇူလိုင်လ ၁၉ ရက်နေ့က ပြောဆိုထားသည်။

“သူတို့ ပစ်တာခတ်တာတွေ မရှိစေချင်တော့ဘူးပေါ့ဗျာ။ အဲဒါကတော့ သေချာပါတယ်။ ဒါပေမယ့် အခုကြည့် နေလို့ရှိရင်တော့ RCSS နဲ့ ခဏခဏတိုက် နောက်ပြီးတော့ KIA နဲ့ကလည်း တိုက်တာတွေက ပြန်ဖြစ်လာတယ်။ အဲဒါတွေကြောင့်မို့လို့ ဒါတွေက သူတို့ဆွေးနွေးကြမယ် အဲဒါတွေတော့ မှန်းဆလို့ရတာပေါ့။”

အဆိုပါ တွေ့ဆုံပွဲကို ကချင်လွတ်လပ်ရေးအဖွဲ့မှ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လ အပါအဝင် ဒေါက်တာလဂျာ၊ ဗိုလ်မှူးလအောင်တို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

ငြိမ်းချမ်းရေး ကော်မရှင် PC ဖက်မှ အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး( ဟောင်း) ဦးခင်ဇော်ဦးနဲ့အတူ ဒုစရဖမှူး ဗိုလ်ချုပ်သန်းထွန်းသိန်း၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ တို့ လာရောက်ဆွေးနွေးခဲ့ကြသည်။

ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ ရှမ်းပြည်တပ်မတော် တောင်ပိုင်း RCSS/SSA ဖက်မှ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွတ်စစ် အပါအဝင် ဗိုလ်မှူးကြီး စိုင်းငင်း၊ နိုင်ငံရေးအကြံပေး စဝ်ခွန်ဆေတို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် အလွတ်သဘောတွေ့ဆုံမှု ဖြစ်သည့်အတွက် ဆုံးဖြတ်ချက်တစ်စုံတရာ ချမှတ်နိုင်ခြင်းမရှိဟု သိရသည်။

Link: https://www.mmtimes.com/news/govt-peace-commission-starts-meetings-armed-ethnic-groups.html

## တရားဥပဒေနှင့်အုပ်ချုပ်မှု

### UEC မှ ကြားဖြတ်ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများကို ဩဂုတ်လတွင် ကြေငြာမည်

Eleven Myanmar, 28 July 2018

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ နိုဝင်ဘာ ၃ ရက်နေ့တွင် ကျင်းပမည့် လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများစာရင်းကို ဩဂုတ်လ ၆ ရက်နေ့တွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း UEC ၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးမြင့်နိုင်က ပြောသည်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်း ၆၉ ဦးရှိပြီး တသီးပုဂ္ဂလဝင်ပြိုင်သူ ၇ ဦးရှိကြောင်း UEC က ပြောသည်။

ကိုယ်စားလှယ်လောင်းအကုန်လုံးက ကြားဖြတ်ရွေးကောက်ပွဲအတွက် အရည်အချင်းပြည့်မီကြပါတယ်။ ကိုယ်လစားလှယ်လောင်းစာရင်းကို သက်ဆိုင်ရာမြို့နယ်တွေက ကော်မရှင်ရုံးခွဲတွေမှာ ကြေငြာပါမယ် ဟု UEC ၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးမြင့်နိုင်က ပြောသည်။

UEC မှ ကြားဖြတ်ရွေးကောက်ပွဲအတွက် သတ်မှတ်ချက်နှင့်ပြည့်မီသည့် မဲဆန္ဒရှင်စာရင်းကို ဇူလို ၉ ရက်မှ ၂၂ ရက်နေ့ထိ ပထမဆုံးအကြိမ်အဖြစ်ကြေငြာခဲ့သည်။ အောက်တိုဘာလတွင် UEC မှ ဒုတိယအကြိမ်အဖြစ် မဲဆန္ဒရှင်စာရင်းကို ၂ ပတ်တာ ကြေငြာမည်ဖြစ်သည်။ ယခုအချိန်ထိ ထုတ်ပြန်ထားသည့်မဲဆန္ဒရှင်စာရင်စာရင်းနှင့်ပတ်သတ်၍ တိုင်ကြားမှုများမရှိကြောင်း UEC က ပြောသည်။

Link: http://www.elevenmyanmar.com/politics/14412

## အခြား

### ၂၁ ရာစု ပင်လုံ ကျင်းပနေစဉ် KNU တပ်မဟာ □၅□ တွင် ပစ်ခတ်မှုဖြစ်ပွား

Karen News, 18 July 2018

နေပြည်တော်တွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ၂၁ရာစု ပင်လုံ တတိယအစည်းအဝေး ကျင်းပနေစဉ်အတွင်း ကရင်အမျိုးသားအစည်းအရုံး၏ ဖာပွန်( မူတြော်) ခရိုင်၊ တပ်မဟာ( ၅) နယ်မြေ တွင် ဇူလိုင်လ ၁၂ ရက်နေ့က အစိုးရတပ်မတော် နှင့် ကေအဲန်ယူ အဖွဲ့တို့အကြား ပစ်ခတ်မှုဖြစ်ပွားခဲ့ သည်ဟု သိရသည်။



အဆိုပါ ပစ်ခတ်မှုမှာ ကေအဲန်ယူ ဖာပွန်ခရိုင်၊ လူသောမြို့နယ်၊ ခေးပူ ( ပြီးခဲ့သည့် မတ်လ ဆန်းပိုင်းက လမ်းဖောက်လုပ်မှုကြောင့် စစ်ရေးတင်းမာမှုဖြစ်ပွားသည့် နေရာ) အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တပ်မတော်ဘက်က တစ်ဦးသေဆုံးခဲ့သည်ဟု ကရင်အမျိုးသား လွတ်မြောက်ရေးတပ် မတော်- KNLA တပ်မဟာ ( ၅) တပ်မဟာမှူး ဗိုလ်မှူးချုပ် စောမူပဲကှ ယခုလို အတည်ပြု ပြောဆိုသည်။

“ သတ်မှတ်နယ်မြေကို ကျော်လွန်လာတဲ့အတွက် ဖြစ်သွားတာပါ။ တစ်ယောက်သေတယ်။ မနက် ၉

နာရီ မိနစ် ၄၀မှာ အနည်းငယ် ဖြစ်ပွားတာပါ။ သူတို့ပဲ လိုတာပါ။ ကျနော်တို့ သတ်မှတ်ထားတဲ့ စည်းကမ်းကို ချိုးဖောက်တဲ့အတွက် ပစ်တာပေါ့။ မချိုးဖောက်ရင် ဘယ်ပစ်မလဲ ”ဟု ကေအိုင်စီသို့ ဇူလိုင် ၁၅ရက် နေ့တွင် ပြောဆိုသည်။

KNU အနေဖြင့် အစိုးရနှင့် အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း ထိစပ်နယ်မြေတိုင်းတွင် သတ်မှတ်ထားသည့် ကိုက် ၁၀၀ အတွင်းသာ သွားလာလှုပ်ရှားရန် သတ်မှတ်ထားပြီဖြစ်ပြီး ယခုပစ်ခတ်မှုကို အကြောင်းပြုပြီး ပြဿနာ ကြီးကြီးမားမား ထပ်မံ ဖြစ်ပွားလာရန် မရှိနိုင်ကြောင်း ဗိုလ်မှူးချုပ် စောမူဟဲက ဆက်ပြောသည်။

၎င်းပစ်ခတ်မှု ဖြစ်ပွားခဲ့သည့် နေရာတွင် ယခုနှစ် မတ်လ ဆန်းပိုင်းက ခေးပူနှင့် လယ်မူပ လော ကြား ကားလမ်းဟောင်းကို မြန်မာ့တပ်မတော်ဘက်မှ ပြုပြင်ဖောက်လုပ်မှုများ ပြုလုပ်ရာတွင် သတ် မှတ် နယ်မြေကို ကျူးကျော်လာသည်ဟုဆိုကာ ပစ်ခတ်မှုများဖြစ်ပွားခဲ့ခြင်းကြောင့် ကားလမ်း အနီးအနားရှိ ကျေးရွာ ၁၆ ရွာမှ ဒေသခံ ၂, ၃၀၀ ကျော်မှာ အသက်ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရာမှာ ယခုအချိန်ထိဖြစ်သည်။

ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံးသည် ယခင်သမ္မတဦးသိန်းစိန်လက်ထက် ၂၀၁၅ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်နေ့တွင် အခြားသော လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း ရှစ်ဖွဲ့နှင့် အတူ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောစာချုပ် ( အန်စီအေ) ကို လက်မှတ်ရေး ထိုးထားသော အဖွဲ့ဖြစ်သည်။

နေပြည်တော်တွင် ဇူလိုင်လ ၁၁ ရက်မှ ၁၆ရက်နေ့အထိ ကျင်းပနေသည့် ပြည်ထောင်စု ငြိမ်းချမ်း ရေး ညီလာခံ ၂၁ ရာစု ပင်လုံ တတိယအစည်းအဝေးတွင် ကေအဲန်ယူ ကိုယ်စားလှယ် ( ၂၉ ) ဦး တက်ရောက်လျက်ရှိသည်။

Link: [http://karennews.org/2018/07/skirmish-breaks-out-in-knu-brigade-5-area-amid-21st-century-panglong-conference/](http://karennews.org/2018/07/skirmish-breaks-out-in-knu-brigade-5-area-amid-21st-century-panglong-conference/)

## မွန် ၊ ကရင် ၊ တနင်္သာရီနှင့် ပဲခူးတို့တွင် ရေကြီး

Eleven Myanmar, 31 July 2018

မွန်၊ ကရင်ပြည်နယ်၊ တနင်္သာရီနှင့် ပဲခူးတိုင်းတို့တွင် ရေကြီးမှုကြောင့် အခြေခံကုန်စျေးနှုန်းတိုးလာကြောင်းသိရသည်။



ကရင်ပြည်နယ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်း( ၆၇) ခုတွင် မိသားစု ၅၃၀၂ စုတွင် လူဦးရေ ၂၅၀၅၀ ဦး၊ တနင်္သာရီတိုင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်း( ၂၂) ခု၌ မိသားစု ၁၁၅၆ စု စု စုပေါင်း လူဦးရေ ၅၈၉၅ ဦး၊ မွန်ပြည်နယ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်း( ၅၀) ခုတွင် မိသားစု ၃၆၉၅ စု စုစုပေါင်းလူဦးရေ ၁၅၈၈၄ ဦး၊ ပဲခူးတိုင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်း ( ၁၅၇) ခုတွင် မိသားစု ၁၅၃၁၆ စုစုပေါင်းလူဦးရေ ၇၁၈၉၈ ဦး ခိုလှုံနေကြသည်။

သံလွင်မြစ်ရေသည် စိုးရိမ်အမှတ်ထိတိုးလာသောကြောင့် သံလွင်တံတားအား ယာယီပတ်ထားပြီး ဘားအံတွင် ကုန်စျေးနှုန်းတက်လျှက်ရှိသည်။

ကရင်ပြည်နယ်ရှိ မိုးလေဝသနှင့်ဇလဗေဒဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်ကိုကိုက သံလွင်မြစ်ရေသည် စိုးရိမ်စရာမြင့်တက်နေပြီး ၉၃၈ စင်တီမီတာသို့ရောက်ရှိနေပြီး ၂စင်တီမီတာမြင့်လာပါက အန္တရယ်ရှိကြောင်း ပြောကြားခဲ့သည်။

ဘီလင်းတွင်လည်း မိုးပြင်းထန်စွာရွာသွန်းသောကြောင့်သောက်သုံးရေများနှင့်ဆေးဝါးများလိုအပ်နေပြီး တောင်ကျချောင်းရေများသည်လည်း မြို့နယ်တွင် ဆိုးဆိုးဝါးဝါးရေကြီးမှုဖြစ်နေကြောင်း ဘီးလင်းမှလွှတ်တော်အမတ်သီရိရတနာက ပြောသည်။

ဇွန်လ ၃၀ရက်နေ့ ရေမြင့်တက်လာမှုအရ ဘီးလင်းမြစ်ရေသည် ၂၀၄၃ စင်တီမီတာရောက်ရှိနေပြီး ၂၁ မီတာအထက်သည် အန္တရယ်ရှိသည့်အဆင့်ဖြစ်သည်။ မြို့နယ်ရှိ တချို့နေရာများတွင် ရေကြီးမှုသည် ဇူလိုင် ၃၀ရက်နေ့တွင် လျော့ကျလာပြီး ခရီးသွားများသည် ဇူလိုင်လ ၂၆ ရက်နေ့က ပိတ်ထားသည့် ရန်ကုန်- မော်လမြိုင်သို့ ခရီးသွားကားများဖြင့် ခရီးသွားလာနိုင်ပြီဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရက ကြေငြာသည်။

သထုံနှင့် ကော့ကရိတ်တွင်လည်း ရေကြီးမှုများဖြစ်ပေါ်ခဲ့သည်။

ပဲခူးရှိ ရေဘေးကယ်ဆယ်ရေးစခန်းတွင် စုစုပေါင်း ၂၇၂၉၄ ဦး ယာယီခိုလှုံနေကြသည်။ ပဲခူးရေဘေးကယ်ဆယ်ရေးကော်မတီမှ သုံးရက်စာ အစားအစာ၊ စားသုံးဆီရေနံနှင့်ခေါက်ဆွဲခြောက်များကို ပေးဝေခဲ့သည်။ ကရင်ပြည်နယ်အစိုးရမှ ရေဘေးကယ်ဆယ်ရေးစခန်း ၅၁ ခုကို မြို့နယ် ၅မြို့နယ်တွင် ဖွင့်လှစ်ထားပြီး လူပေါင်း ၁၅၀၀၀ခန့် လာရောက်ခိုလှုံလျှက်ရှိသည်။

သံလွင်မြစ်ရေသည် စိုးရိမ်စရာအထက်သို့ ရောက်ရှိပါက ရေဘေးဒုက္ခသည်များ ပိုမိုများပြားလာမည်ဖြစ်သည်။

ဘားအံမြို့နယ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်း ၁၆ ခု တွင် ရေဘေးဒုက္ခသည်အိမ်ထောင်စု ၁၉၄၅စု စုစုပေါင်း ၉၈၇၃ ဦး၊ လှိုင်းဘွဲ့မြို့နယ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်း ၁၆ ခုတွင် ရေဘေးဒုက္ခသည်အိမ်ထောင်စု ၄၄၆ စုစုပေါင်း ၂၅၀၃ ဦး၊ ကော့ကရိတ်မြို့နယ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်း ၆ ခုတွင် ရေဘေးဒုက္ခသည်အိမ်ထောင်စု ၂၀၇ စု စုစုပေါင်း ၉၇၃ ဦး၊ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်း ၃ ခုတွင် ရေဘေးဒုက္ခသည်အိမ်ထောင်စု ၂၅၇စု စုစုပေါင်း ၁၁၄၅ ဦးနှင့် ဖာပွန်မြို့နယ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်း ၁၁ခုတွင် ရေဘေးဒုက္ခသည်အိမ်ထောင်စု ၃၆၁စု စုစုပေါင်း ၁၆၉၂ ဦး လာရောက်ခိုလှုံနေကြသည်။

မွန်ပြည်နယ်ရှိ ကျောင်း ၁၄၅ ကျောင်းကို ဇူလိုင်လ ၂၂ ရက်နေ့မှစတင်၍ ယာယီပိတ်ထားရပြီး ဩဂုတ်လ ၁ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးဌာနရုံးမှ ပြောကြားခဲ့သည်။

Link: http://www.elevenmyanmar.com/local/14437

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren

Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.

UNHCR The UN Refugee Agency